# 5 လက်မှတ်တံဆိပ်တုံး

## 5-2 လက်မှတ်တံဆိပ်တုံးမှတ်ပုံတင်

လက်မှတ်တံဆိပ်တုံးမှတ်ပုံတင်ခြင်းသည် မြို့နယ်၏ထူးခြားသော ရုံးလုပ်ငန်းဆောင်တာဖြစ်ပြီး ကိုင်တွယ်ဆောင်ရွက်ပုံမှာ မြို့နယ်၏လက်မှတ်တံဆိပ်တုံး စည်းမျဉ်းဥပဒေ ပေါ်တွင် မူတည်သည်။ များသောအားဖြင့် ဆောင်ရွက်နေသောပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။ လက်မှတ်တံဆိပ်တုံးမှတ်ပုံတင်နိုင်သူသည် နေထိုင်သူမှတ်ပုံတင် ထားသော အသက်(၁၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ မြို့နယ်အစိုးရရုံး၌လျှောက်ထားရမည်။ မှတ်ပုံတင်နိုင်သော လက်မှတ်တံဆိပ်တုံးသည် တစ်ဦးလျှင်တစ်ခု ကန့်သတ်ထားပါသည်။ လက်မှတ်တံဆိပ်တုံးလျှောက်ထားခြင်း လုပ်ထုံးလုပ်နည်း များပြီးဆုံးပါက လက်မှတ်တံဆိပ်တုံး မှတ်ပုံတင်ကတ်ကို ထုတ်ပေးပါမည်။ ကိုယ်ပိုင်လက်မှတ်တံဆိပ်တုံးနှင့် လက်မှတ်တံဆိပ်တုံးမှတ်ပုံတင်ကတ်သည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းမှတ်ပုံတင်ခြင်း၊ ငွေကြေးချေးယူခြင်း စသည့်အခါတွင်အသုံးပြုသော အရေးကြီးသည့်အရာများဖြစ်ပြီး လက်မှတ်နေရာ၌ အစားထိုးသောအရာဖြစ်သောကြောင့် ၎င်းတို့ကိုသေချာစွာ ထိန်းသိမ်းထားပါ။

※ လက်မှတ်တံဆိပ်တုံးမှတ်ပုံတင်ကတ် ပျောက်ဆုံးသည့်အခါ ပျောက်ဆုံးကြောင်းအကြောင်းကြားခြင်းနှင့်အတူ အသစ်တဖန် လက်မှတ်တံဆိပ်တုံးကို မှတ်ပုံ တင်ရန်လိုအပ်သည်။

※ ကိုယ်စားလျှောက်ထားလျှင် ကိုယ်စားလှယ်လွှဲစာလိုအပ်ပြီး ရက်အနည်းငယ်ကြာမြင့်ပါမည်။

● လက်မှတ်တံဆိပ်တုံးမှတ်ပုံတင် လျှောက်ထားခြင်း (အသက် ၁၅ နှစ်ပြည့်ပြီး ကိုယ်တိုင်လျှောက်ထားလျှင်)

| လိုအပ်သောစာရွက်စာတမ်း | တင်သွင်းရန်နေရာ | အချိန်ကာလ | အခကြေးငွေ |
|---|---|---|---|
| 1. မှတ်ပုံတင်မည့်လက်မှတ်တံဆိပ်တုံး<br>2. အစိုးရအဖွဲ့အစည်းမှထုတ်ပေးသော ဓါတ်ပုံပါသက်သေခံစာရွက်စာတမ်း<br>● နေထိုင်ခွင့်လက်မှတ် သို့မဟုတ် အထူးရာသက်ပန်နေထိုင်သူထောက်ခံစာ<br>● ယာဉ်မောင်းလိုင်စင်<br>စသည့် | မြို့နယ်အစိုးရရုံး | လျှောက်သည့်နေ့ | မှတ်ပုံတင် → အခမဲ့<br>(မြို့နယ်အလိုက် အခပေးရသည်လည်းရှိသည်)<br>ထောက်ခံစာထုတ် → အခပေး<br>( ယန်း ၃၀၀ ခန့်၊ မြို့နယ် အစိုးရရုံး အလိုက်ကွာခြားနိုင်သည်) |

## လက်မှတ်တံဆိပ်တုံးမှတ်ပုံတင်ကတ် (ရှေ့မျက်နှာဘက်)




### (1) မှတ်ပုံတင်နိုင်သောစာလုံး

- **ခန်းဂျိဖြင့် အမည်ကိုမှတ်ပုံတင် ပြုလုပ်ထားလျှင်**
  1. ခန်းဂျိအတိုင်း မျိုးရိုး၊ မှည့်ခေါ်အမည်ဖြင့်ပြုလုပ်ထားသော လက်မှတ်တံဆိပ်တုံး
  2. ခန်းဂျိအတိုင်း မျိုးရိုးဖြင့်ပြုလုပ်ထားသော လက်မှတ်တံဆိပ်တုံး
  3. ခန်းဂျိအတိုင်း မှည့်ခေါ်အမည်ဖြင့်ပြုလုပ်ထားသော လက်မှတ်တံဆိပ်တုံး

- **အင်္ဂလိပ်စာလုံးဖြင့် အမည်ကိုနေထိုင်သူမှတ်ပုံတင် ပြုလုပ်ထားလျှင်**
  နောက်ဆုံးအမည်၊ အရှေ့ဆုံးအမည်၊ အလယ်အမည် တစ်ခုခုဖြင့် ပြုလုပ်ထားသောလက်မှတ်တံဆိပ်တုံး

- **လူအများခေါ်ဝေါ်သော အမည်ကိုနေထိုင်သူမှတ်ပုံတင် ပြုလုပ်ထားလျှင်**
  မှတ်ပုံတင်ထားသော လူအများခေါ်ဝေါ်သော အမည်ဖြင့် ပြုလုပ်ထားသောလက်မှတ်တံဆိပ်တုံး

※ အမည်ပြောင်နှင့် အတိုကောက်အမည် စသည်ဖြင့်ပြုလုပ်ထားသော လက်မှတ်တံဆိပ်တုံးကို မှတ်ပုံတင်၍မရပါ။

※ လူအများခေါ်ဝေါ်သောအမည်ဟုဆိုရာတွင် နေ့စဉ်နေထိုင်မှုဘဝ၌အသုံးပြုနေသော အမည်ရင်းနှင့် ကွဲပြားခြားနားသောအမည်ကို ဆိုလိုသည်။ နိုင်ငံခြားသားများသည် တစ်ခုတည်းသာလျှင် လူအများခေါ်ဝေါ်သောအမည်ကို မှတ်ပုံတင်နိုင်သည်။

※ KATAKANA ဖြင့် လူအများခေါ်ဝေါ်သော အမည်ကို မှတ်ပုံတင်ထားလျှင် KATAKANA ဖြင့်ပြုလုပ်ထားသော အမှတ်တံဆိပ်တုံးလည်း မှတ်ပုံတင်နိုင်သည်။

**(2) မှတ်ပုံတင်၍မရသော လက်မှတ်တံဆိပ်တုံး**

မှတ်ပုံတင်မည့်လက်မှတ်တံဆိပ်တုံးတွင် အကန့်အသတ်ရှိပြီး အောက်ပါကဲ့သို့သော လက်မှတ်တံဆိပ်တုံးသည် မှတ်ပုံတင်၍မရပါ။

- နေထိုင်သူမှတ်တမ်းတွင်ရေးသွင်းထားသော အမည်အပြည့်အစုံနှင့် မှည့်ခေါ်အမည်၊ အလယ်အမည်မှအပ ဖေါ်ပြထားသောအရာ
- အလုပ်အကိုင်၊ ကုန်ပစ္စည်းအမည် စသည်နှင့် အမည်မှအပ ဖော်ပြထားသောအရာ
- ရော်ဘာတုံးစသည့် အသွင်သဏ္ဍာန်လွယ်ကူစွာပြောင်းလဲနိုင်သောပစ္စည်းနှင့် ပြုလုပ်ထားသောအရာ
- ရိုက်နှိပ်ထားသော လက်မှတ်တံဆိပ်တုံးအရွယ်အစားသည် အနားတစ်ဘက်လျှင် 8mm မှ 25mm ရှိ စတုရန်းကွက်တွင်းမှ စွန်းထွက်နေသောအရာ
- ရိုက်နှိပ်ထားသောလက်မှတ်တံဆိပ်တုံးသည် ထင်ရှားခြင်းမရှိသောအရာ (ဖတ်၍မရသောအရာ၊ တစ်စိတ်တစ်ပိုင်း ပျက်နေသောအရာ)

**(3) လက်မှတ်တံဆိပ်တုံးထောက်ခံစာ**

ကိုယ်ပိုင်လက်မှတ်တံဆိပ်တုံးကိုအသုံးပြုသောအခါ ထိုကိုယ်ပိုင်လက်မှတ်တံဆိပ်တုံး အစစ်အမှန်ဖြစ်ကြောင်းကို သက်သေခံမည့်အရာမှာ လက်မှတ်တံဆိပ်တုံးထောက်ခံစာ ဖြစ်သည်။ ဂျပန်နိုင်ငံတွင် မြေနှင့်အိမ်၊ မော်တော်ကားကို ဝယ်ယူသည့်အခါကဲ့သို့သော အရေးကြီးသည့်စာချုပ်ကိုချုပ်ဆိုရာတွင် ကိုယ်ပိုင်လက်မှတ် တံဆိပ်တုံးနှင့် လက်မှတ်တံဆိပ်တုံး ထောက်ခံစာတို့ လိုအပ်ပါသည်။ လက်မှတ်တံဆိပ်တုံးထောက်ခံစာသည် ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်က မြို့နယ်အစိုးရရုံး ကောင်တာတွင် လျှောက်ထားလျှင် လက်မှတ်တံဆိပ်တုံးထောက်ခံစာကို ထုတ်ယူရရှိနိုင်ပါမည်။ ကိုယ်စားထုတ်ယူသောအခါ၌လည်း ကိုယ်စားလှယ်လွှဲ စာမလိုအပ်ပေ။ သို့သော် မှတ်ပုံတင်ထားသောတံဆိပ်တုံးတစ်ခုတည်းနှင့် လက်မှတ်တံဆိပ်တုံးထောက်ခံစာကို ထုတ်ပေးလိမ့်မည်မဟုတ်ကြောင်း သတိပြုပါ။

※ တချို့သောမြို့နယ်အစိုးရရုံးများတွင် အလိုလျှောက်ထုတ်ပေးသောစက်ကို တပ်ဆင်ထားပါသည်။